## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃)

## နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မူများကို အမျိုးသားညီလာခံထဲမှာ ပြင်ခွင့်၊ ဖျက်ခွင့် တကယ် ရှိနိုင်ရဲ့လား၊

အမျိုးသားညီလာခံပြန်စရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တွေကို ပြုပြင်ပြောင်းလဲမှုတွေရှိမယ် လို့ ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က ပြောဆိုလိုက်တဲ့အပေါ် မျှော်လင့်ချက်ထားကြတဲ့ ပုဂ္ဂိုလ်တွေ ရှိနေတယ်လို့ သိရ တယ်။ တိုင်းပြည်ကို ကောင်းစေချင်တဲ့ စေတနာနဲ့ရိုးရိုးသားသား မျှော်လင့်ကြတာ မိမိတို့ရဲ့ ဆန္ဒပါ။ တကယ်လက် တွေ့မှာ ဘယ်လောက်အထိ ပြင်ခွင့် ဖျက်ခွင့် ရနိုင် မရနိုင် ဆိုတာကိုတော့ အချက်အလက်နဲ့ သုံးသပ်ဖို့ လိုအပ်ပါ တယ်။

ပြင်တယ်ဆိုတဲ့ နေရာမှာ အဓိက ကျတဲ့ ပင်မကျောရိုး နဲ့ အဓိက မကျတဲ့ အကိုင်းအခက်တွေ ဆိုပြီး နှစ်ပိုင်းခွဲခြားနားလည်ဖို့ လိုပါလိမ့်မယ်။ အဓိက မကျတဲ့ အကိုင်းအခက်တွေကို ပြင်ခွင့်ပေးတာမျိုးတွေ ရှိနိုင်ပါတယ်။ ဥပမာအားဖြင့် ဘဏ္ဍာရေးကော်မရှင်ဖွဲ့တဲ့နေရာမှာ ဘယ်သူတွေပါဝင်သင့်တယ်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ဘယ်လိုကိစ္စတွေမှာ အခွန်ကောက်ခံခွင့်ရသင့်တယ် ၊ ပြည်ထောင်စု အစိုးရဝန်ကြီးတွေကို ဘယ်လိုရွေးချယ်ခန့်အပ်သင့်တယ် ၊ စစ်ကြေညာတဲ့ စစ်ရပ်တဲ့ကိစ္စတွေမှာ လွှတ်တော်ရဲ့အတည်ပြုချက်တွေကို ဘယ်လိုရယူသင့်တယ် ၊ နိုင်ငံသားတွေဟာ ဘယ်လိုတာဝန်တွေ ထမ်းဆောင်သင့်တယ် ဆိုတာမျိုးတွေနဲ့ အလားတူ ကိစ္စရပ်ပေါင်းမြောက်များစွာတွေမှာ အတောမသတ်နိုင်တဲ့ ဆွေးနွေးမှုတွေကို ခွင့်ပြုပြီး ပြင်ဆင်ခွင့်ပေးတာမျိုးတွေ ရှိနိုင်ပါတယ်။ အဲသလို ကိစ္စရပ်မျိုးတွေအပေါ်မှာ ဆွေးနွေးရင် မြစ်ကို အလျားလိုက် ကူးသလိုမျိုးဖြစ်နေလို့ ဘာမှ ခရီးရောက်မှာ မဟုတ်တဲ့အပြင် ဒီလို အချက်တွေ အပေါ်မှာ ပြင်ဆင်ခွင့်ရတာကို ကျေနပ်ဝမ်းသာပြီး နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုလိုက်လိုကတော့ ငါးပါးသာမက သံဃာစင်ပါ မှောက်မယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။

**အမျိုးသားညီလာခံ ပုံစံ နဲ့ဆက်သွားနေမယ် ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရဲ့ အဓိကကျတဲ့ပင်မကျောရိုးတွေကို နအဖက ပြင်ခွင့်ပေးဖို့လုံးဝ မဖြစ်နိုင်ပါ။**

သာဓက အားဖြင့် ပြောရမယ် ဆိုရင် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုမှာ တပ်မတော်က တာဝန်ယူမယ် ဆိုတဲ့ မူအပေါ်မှာ အခြေခံပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍသုံးရပ်စလုံးမှာ ပြည်ထောင်စု အဆင့်မှာရော တိုင်းဒေသကြီးနဲ့ပြည်နယ် အဆင့်တွေ တလျှောက်လုံးမှာပါ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ချုပ်ကိုင်လွှမ်းမိုးခွင့်ပေးထားတဲ့ ကျောရိုးတွေကို အမျိုးသားညီလာခံအတွင်းမှာ ပြင်ခွင့်ပေးဖို့လုံးဝ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတာ ဆက်လက်တင်ပြပါ့မယ်။ အနာဂတ် နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်း ဆောင်နိုင်ရေး ဆိုတဲ့ မူကို အမျိုးသား ညီလာခံက ချမှတ်ခဲ့ တာမဟုတ်ဘူး ဆိုတာကို သတိပြုပါ။ **နဝတ၊ နအဖ ရဲ့အမိန့်အမှတ် ၁၃/၉၂ နဲ့ ၁၉၉၂ ခုနှစ်အောက်တိုဘာလ ၂ ရက်နေ့မှာ ချမှတ်ခဲ့တာ ဖြစ်တယ်။**

ဒါကြောင့် နအဖရဲ့ အမျိုးသားညီလာခံမှာ ဒေါ်အောင်ဆန်းစုကြည် ဖြစ်စေ၊ မည်သည့် နိုင်ငံရေးပါတီ ခေါင်းဆောင် ဖြစ်စေ တက်ဆွေးနွေးပါစေ၊ အထက်မှာ တင်ပြတဲ့ အဓိက ကျတဲ့ ပင်မကျောရိုးကို အမျိုးသားညီလာခံ ဘောင်ထဲကနေ ပြင်ဆင်ခွင့် မရှိ၊ ပြင်ဆင်လို့လည်းရမှာ မဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း နားလည်ဖို့လိုပါလိမ့်မယ်။ ပြင်စေချင်ရင် နအဖက အမျိုးသားညီလာခံ မစတင်ခင်မှာ သီးခြားကြေညာချက်တခု သို့မဟုတ် နောက်ထပ် အမိန့် တခုထုတ်ပြီး မူလထုတ်ပြန်ထားတဲ့ အမိန့်ကို ပယ်ဖျက်ပေးရမှာ ဖြစ်တယ်။ အခုအချိန်အထိ ဘာတခုမှ ပယ်ဖျက်ပေးတာ၊ အသစ်တခုထုတ်ပြန်တာ မတွေ့ရခြင်းအားဖြင့် နအဖဟာ သူ့ရဲ့ မူလမူနဲ့ လမ်းကြောင်း အတိုင်းပဲ ဆက်သွားမယ် ဆိုတာ ရှင်းနေပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဓိကကျတဲ့ ပင်မကျောရိုးကို အမျိုးသားညီလာခံဘောင်ထဲကနေ ပြင်လို့မရနိုင်ဘူးဆိုတာ နောက်ထပ် သာဓက တခုပြပါဦးမယ်။ နောင်ကို တိုင်းပြည်အတွင်းမှာ လူမျိုးတခုနဲ့ အခြားတခုအကြားမှာဖြစ်စေ၊ လူအုပ်စု တစုနဲ့အခြားတစု အကြားမှာဖြစ်စေ၊ အုပ်ချုပ်တဲ့ အစိုးရနဲ့ အုပ်ချုပ်ခံရတဲ့ လူထုအကြားမှာဖြစ်စေ ပြဿနာ ဖြစ်ပွားရင် လက်နက်ကိုင်ပြီး တိုက်ခိုက်ကြတာတွေ မလုပ်ကြတော့ဘဲ ငြိမ်းချမ်းစွာဖြေရှင်းဖို့ သဘောထား ရှိကြတယ်၊ အဲသလို ငြိမ်းချမ်းစွာဖြေရှင်းလို့ ရအောင် ဖွဲ့စည်းပုံအခြေခံဥပဒေက အုတ်မြစ်ချစေချင်တယ်ဆိုရင် လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်တရပ်ကို ထူထောင်ရပါမယ်။

တကမ္ဘာလုံးမှာ ရှိတဲ့ ဒီမိုကရေစီနိုင်ငံတွေကို လေ့လာကြည့်ပါ။ ဒီမိုကရေစီကို ငြိမ်းချမ်းစွာဖော်ဆောင်ချင်တယ်ဆိုရင် လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်၊ အနည်းဆုံးတော့ ဘက်မလိုက်တဲ့ တရားစီရင်ရေးစနစ်ရဲ့ကြပ်မတ်ထောက်ကူမှု ရှိဖို့လိုပါတယ်။ ဒီလို တရားစီရင်ရေးမျိုး မရှိဘူးဆိုရင် ဒီမိုကရေစီဟာ ဘယ်တော့မှ လက်တွေ့ဖြစ်မလာနိုင်ပါဘူး။ ဒီမိုကရေစီ အမည်ခံယူထားပြီး အာဏာရှင်တွေရဲ့ အသုံးချခံတိုင်းပြည်သာ ဖြစ်သွားနိုင်ပါတယ်။ ထိုနည်းတူပဲ **ဈေးကွက်စီးပွားရေး စနစ်အောင်မြင်စေချင်ရင်၊ တိုင်းပြည် ကို စီးပွားရေးအရ တိုးတက်စေချင်ရင်** အပြည့်အဝ လွတ်လပ်မှုမရှိတောင် အနည်းဆုံးတော့ ဘက်မလိုက်တဲ့ တရားစီရင်ရေးစနစ်ရှိဖို့ လိုပါတယ်။

ဒီလို တရားစီရင်ရေး စနစ်မျိုးရှိခဲ့တဲ့ အတွက် ထိုင်းနိုင်ငံဟာ ၁၉၉၆ ခုနှစ် အထိ စစ်တပ်အာဏာသိမ်းမှုတွေ မကြာခဏ ကြုံတွေ့ခဲ့ရပေမယ့် တရားစီရင်ရေးကနေ ဈေးကွက်စီးပွားရေးကို ပံ့ပိုးပေးနိုင်ခဲ့တယ်။ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပြီးနောက်မှာလည်း တရားရုံးသုံးရုံး စနစ်ကို ချမှတ်ကျင့်သုံးနိုင်ခဲ့တဲ့ အတွက် အုပ်ချုပ်ရေး အာဏာပိုင်တွေရဲ့ အလွဲသုံးစား လုပ်မှုတွေအပေါ် အတိုင်းအတာ အတော်များများ ကြပ်မတ် အရေးယူနိုင်ခဲ့တယ်။
ဒီလို တရားစီရင်ရေး စနစ်မျိုးရှိတဲ့အတွက် စင်္ကာပူနိုင်ငံမှာ ဥပဒေစိုးမိုးရေး အခြေခံကနေ စီးပွားရေးတိုးတက်မှုကို ကြီးကြီးမားမား အထောက်အပံ့ဖြစ်စေခဲ့တယ်။ တောင်ကိုရီးယားနိုင်ငံမှာလည်း ဒီလိုတရားစီရင်ရေး စနစ်မျိုးရှိခဲ့တဲ့ အတွက် အာဏာရှင် စစ်ဗိုလ်ချုပ်ကြီး ပတ်ခြုံဟီး အုပ်ချုပ်ခဲ့တဲ့ ခေတ်မှာပင် ပြည်တွင်းဈေးကွက် စီးပွားရေး ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးနိုင်ခဲ့တယ်။

မြန်မာနိုင်ငံမှာတော့ ဒီလိုဘက်မလိုက်တဲ့ တရားစီရင်ရေး စနစ်ကို ချမှတ်ကျင့်သုံးနိုင်ခဲ့ခြင်း မရှိဘဲ တရားစီရင်ရေး စနစ်တခုလုံးနီးပါးကို နအဖ အာဏာ ပိုင်တွေရဲ့ လက်ကိုင်တုတ်အဖြစ် အသုံးချခဲ့တာကြောင့် ဈေးကွက်စီးပွားရေးရယ်လို့ ၁၉၈၈ ခုနှစ်က စပြီး တမ္ဘာလုံးကသိအောင် ကြေညာခဲ့ပေမယ့် ဘာတခုမျှ အောင်မြင်မှုမရတာ တွေ့ရပါလိမ့်မယ်။

စင်္ကာပူက ရင်းနှီးမြှုပ်နှံနေတဲ့ ကုမ္ပဏီတွေ အမြောက်အများ မြန်မာနိုင်ငံထဲကနေ ရုတ်သိမ်းထွက်ခွာသွားကြ တာဟာ အတိုက်အခံ ဒီမိုကရေစီ နိုင်ငံရေး သမားတွေက စီးပွားရေး ပိတ်ဆို့လို့ မဟုတ်ပါဘူး။ စင်္ကာပူက ရောင်ခြည်ဦးကုမ္ပဏီရဲ့လုပ်ငန်းတွေကို နအဖက အတင်းအဓမ္မသိမ်းယူပေမယ့် တရားစီရင်ရေးက ဘာမှ အကာအကွယ်မပေးနိုင်ခဲ့တဲ့အတွက် ဥပဒေစိုးမိုးမှု ကင်းမဲ့တဲ့ အပေါ် စိတ်ပျက်ပြီး ထွက်သွားကြတာဖြစ်ပါတယ်။

လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်တရပ် ထူထောင်ရေးဆိုတဲ့ မူကျအောင် အမျိုးသားညီလာခံမှာ ဆွေးနွေးကြည့်ကြပါစို့။

အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ် သုံးစွဲတဲ့ သမ္မတက တရားသူကြီးချုပ်ကို ခန့်ခွင့်မရှိဘူးဆိုတာကို ထောက်ပြဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတုံးကလို သမ္မတမျိုးက ခန့်စေချင်တယ်ဆိုရင် သမ္မတကို အုပ်ချုပ်ရေးအာဏာပေးလို့ မရဘူး။ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမယ့် ဝန်ကြီးချုပ်ကို ဖန်တီးပေးရမယ်။ အဲသည် ဝန်ကြီးချုပ်ဟာ ရွေးချယ်တင်မြှောက်ခံရသူဖြစ်ရမယ့် အပြင် ယေဘုယျအားဖြင့် လွှတ်တော် ထဲမှာ အနိုင်ရ နိုင်ငံရေးပါတီတွေ အနက်က အမတ်နေရာ အများဆုံးရသူ ဖြစ်ရမယ်။ သည်လိုဖြစ်ဖို့ ဆိုရင် ဝန်ကြီးချုပ်နဲ့

အုပ်ချုပ်တဲ့ ကျောရိုးကို ပြန်လည်ပြောင်းနိုင်ဖို့ နအဖ ရဲ့ ဖွဲ့ စည်းပုံမူတွေကို အစအဆုံး တောက်လျှောက်ပြင်ရတော့မယ်။ သမ္မတ ကို အုပ်ချုပ်ရေးအာဏာပေးလို့ မဖြစ်တော့ဘူး။ သည်လိုဆိုရင် **နအဖက ပြင်ခွင့်ပေးလိမ့်မယ်လို့ မျှော်လင့်နိုင်ပါ့မလား။**

ဒါမှမဟုတ် နောက်တနည်း လှည့်ပြီး စဉ်းစားကြည့်ရအောင်ပါ။ သမ္မတက အုပ်ချုပ်ရေးအာဏာကို အပြည့်အဝ ချုပ်ကိုင်တဲ့ စနစ်အောက်မှာ လွတ်လပ်တဲ့ တရားစီရင်ရေးကို ချမှတ်ဖော်ဆောင်လို့ ရနိုင်တာလည်း ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာလို တရားသူကြီးချုပ်တွေကို အမည်စာရင်းတင်သွင်းခွင့်ရှိတဲ့ သမ္မတမျိုးဆိုရင် ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီလို ဖြစ်ဖို့ ဆိုရင်တော့ လူထုက ကိုယ်ကြိုက်တဲ့သမ္မတကို တိုက်ရိုက်မဲပေးပြီး ရွေးချယ်တဲ့ စနစ်ကို ကျင့်သုံးရပါလိမ့်မယ်။ အမေရိကန်ပြည်ထောင်စုမှာ Electoral College စနစ်ကိုကျင့်သုံးတယ် ဆိုပေမယ့် တကယ်တော့ တိုက်ရိုက်ရွေးချယ်တဲ့ သဘောပါဘဲ။

နအဖ ဖွဲ့စည်းပုံမူမှာ ဖော်ပြထားတဲ့ နည်းလမ်းနဲ့ သမ္မတရွေးချယ်တဲ့စနစ်ကို ကျင့်သုံးလို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့ တိုက်ရိုက်ရွေးချယ်တင်မြှောက်တဲ့ စနစ်မဟုတ်တာကြောင့် သမ္မတဟာ လူထုရဲ့ထိန်းချုပ်မှုအောက်ကနေ လွတ်ကင်းနေလို့ ဖြစ်ပါတယ်။ ဒီလို သမ္မတက တိုင်းပြည် အုပ်ချုပ်ရေး အာဏာကို အပြည့်အဝ ကျင့်သုံးမယ်။ ပြီးတော့ ဒီလို သမ္မတမျိုးကနေ တရားသူကြီးချုပ်ကိုခန့် ထားမယ်ဆိုရင် တရားစီရင်ရေးဟာ အုပ်ချုပ်ရေးရဲ့ လက်အောက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ နဲ့အညီရောက်သွားတော့မှာ အသေအချာဖြစ်ပါတယ်။

လွတ်လပ်တဲ့ တရားစီရင်ရေးကို ချမှတ်ကျင့်သုံးနိုင်ဖို့အတွက် ဖွဲ့ စည်းပုံအခြေခံ ဥပဒေရဲ့ အရေးကြီးတဲ့ ပင်မကျောရိုးတရပ်ဖြစ်တဲ့ သမ္မတ ရွေးချယ်တင်မြှောက်တဲ့စနစ်ကို ပြင်မယ်ဆိုရင်လည်း သူနဲ့ ဆက်စပ်နေတဲ့ အခြားကဏ္ဍတွေကိုလည်း အစအဆုံး တောက်လျှောက်ပြင်ဖို့ လိုပါလိမ့်မယ်။ ဘယ်လောက်ခက်ခဲမယ်ဆိုတာကို စဉ်းစားကြည့်နိုင်ပါတယ်။

ဝန်ကြီးချုပ်စနစ်နဲ့ အုပ်ချုပ်တဲ့ တိုင်းပြည်မှာဖြစ်စေ၊ သမ္မတ စနစ်နဲ့ အုပ်ချုပ်တဲ့ တိုင်းပြည်မှာ ဖြစ်စေ၊ ဝန်ကြီးချုပ်က ဒါမှမဟုတ် သမ္မတက တရားသူကြီးချုပ်တွေကို အမည်စာရင်းတင်သွင်းလာပြီဆိုရင် အဓိကစီစစ်ရတာက ပါလီမန် သို့မဟုတ် လွှတ်တော် ဖြစ်ပါတယ်။

တရားသူကြီးချုပ်လောင်းတွေရဲ့ ကိုယ်ရေးရာဇဝင်၊ တရားစီရင်ရေး လုပ်ငန်းအတွေ့အကြုံ၊ ဥပဒေပညာကျွမ်းကျင်မှု၊ ပုဂ္ဂိုလ်ရေး သန့်ရှင်းမှု စတာတွေကို အသေးစိတ် စီစစ်ကြရပါတယ်။ သည်လို စီစစ်ပြီးမှ အတည်ပြုချက်ပေးကြရတာပါ။ အဲသလို စီစစ်တဲ့ ပုဂ္ဂိုလ်တွေဟာလည်း လူထုကရွေးချယ်တင်မြှောက်ခြင်းခံရတဲ့သူတွေ ဖြစ်ကြရတယ်။ လူထုက ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေ နဲ့ ဖွဲ့ စည်း ထားတဲ့ လွှတ်တော်မျိုးက စီစစ်မှသာ တိုင်းပြည်အတွက် အားကိုးလောက်တဲ့ တရားသူကြီးချုပ်တွေ ရဖွယ် ရှိပါတယ်။ သည်လို လွှတ်တော်မျိုးဖြစ်အောင် နအဖရဲ့ အမျိုးသားညီလာခံကနေ မူတွေကို ပြန်လည်ပြုပြင်ရေးဆွဲဖို့ဆိုတာ တောင်ထိပ်က ကြာပေါက်၊ အနောက်က နေထွက်အောင် မြော်လင့်တဲ့ အနေအထားကလွဲလို့ လက်တွေ့ ဘာမှဖြစ်နိုင်ဘွယ် မရှိပါဘူး။

နအဖ ချမှတ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံမူများကို သူ့ ရဲ့ အမျိုးသားညီလာခံကနေ ပြုပြင်ပြောင်းလဲဖို့ ကြိုးပမ်းမယ်ဆိုရင် ပြည်သူလူထု အကျိုးရှိဖို့ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် အနိမ့်ဆုံးအားဖြင့် ဘက်မလိုက်တဲ့ တရားစီရင်ရေး စနစ်ကိုသည်ပင်လျှင် ချမှတ်ကျင့်သုံးနိုင်ဖွယ် မရှိတဲ့အကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။